ကျန်းမာရေးသည် ကျွန်ုပ်တို့၏အလေ့အထအားလုံးပါဝင်သည် ဟုလည်း ဘုရားသခင်က သွန်သင်ညွှန်ကြားခဲ့သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ခန္ဓာနှင့် နေအိမ်များကို သန့်ရှင်းစွာ ထိန်းသိမ်းထားသင့်သည်။ ကျွန်ုပ်တို့သည် လတ်ဆတ်သောလေ၊ နေရောင်ခြည်၊ အနားယူခြင်းနှင့် လဟာပြင်တွင် လေ့ကျင့်ခန်းလုပ်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ရေများများသောက်သင့်သည်၊ အလုပ်ကို အလွန်အကျွံမလုပ်သင့်ပေ။

ကျွန်ုပ်တို့ဖျားနာလျှင် ဘုရားသခင်ပြင်ဆင်ပေးသောကုထုံး နည်းများကို အသုံးပြုသင့်ပါသည်။ ဥပမာ၊ ရေသည် ကျန်းမာရေး ပြဿနာများစွာအတွက် အလွန်ထိရောက်သောကုသမှုတစ်ခု ဖြစ်ပြီး၊ ရှင်လန်းသော အတွေးများကိုဖြစ်စေ၍ ၎င်းသည် ကျွန်ုပ်တို့အား ပိုမိုမြန်ဆန်စွာကျန်းမာစေဖို့ ကူညီပေးပါသည်။

လူများစွာသည် သူတို့၏အလေ့အထကို ပြောင်းလဲရန် ခက်ခဲသည်ကို တွေ့ရသည်။ သို့သော် ထိုသို့ပြောင်းလဲသူများသည် ဖျားနာခြင်း၊ ဆင်းရဲခြင်း၊ ကုန်ကျစရိတ်နှင့် အလုပ်များစွာမှ လွတ်မြောက်ခြင်းအခွင့်သို့ ရောက်ခဲ့ကြသည်။ သူတို့သည်အဘယ်မျှလောက် ကျေးဇူးတင်မည်နည်း။

သို့သော် ကျန်းမာသောကိုယ်ခန္ဓာရှိခြင်း၏အကောင်းဆုံးအပိုင်းမှာ စိတ်သည် ပို၍ရှင်းလင်းခြင်းဖြစ်သည်။ ထို့နောက် သူက သူ၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အား ပြောဆိုသောအခါ ဘုရားသခင်၏အသံကိုကြားနာ၍ လိုက်နာရန် ၎င်းသည် ပို၍လွယ်ကူစေပါသည်။

**လက်တွေ့ကျင့်သုံးရန်။** ကျန်းမာရေးသတင်းစကားသည် ဘာကြောင့် အလွန်အရေးကြီးသနည်း။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၆း၁၉၊ ၂၀၊ ၁၀:၃၁။

## သောကြာနေ့ | ပေးကမ်းခြင်း၏အခွင့်ထူး ၆

ဘုရားသခင်သည် လူများအား သမ္မာကျမ်းစာထပ်လေ့လာရန် မလိုတော့သည့်အတွက်ကြောင့် အယ်လင်ဝှိုက်အား ပရောဖက်ပြုချက်ဆု ကျေးဇူးကို ပေးခဲ့သလား။ မဟုတ်ပါ။ သူမသည် လူများကို ကျမ်းစာလေ့လာဖို့ အားပေးထားပြီး၊ ကျမ်းစာကို နားလည်အောင်သာ ကူညီပေးသည်။ သတ္တမနေ့ဥပုသ်စောင့်သူ မြော်လင့်ခြင်းယုံကြည်သူများသည် ဆယ်ဖို့တစ်ဖို့နှင့် ပူဇော်သက္ကာအလှူငွေများအကြောင်း မည်သို့လေ့လာသင်ယူခဲ့သည့် အကြောင်းအရာသည် ဤနိယာမ (အခြေခံသဘောတရား) ၏ဥပမာတစ်ခု ဖြစ်သည်။

၁၈၅၉ ခုနှစ်ထိတိုင် မြော်လင့်ခြင်းယုံကြည်သူများမှာ သာသနာပြုသူများကို ငွေပေးချေရန်စနစ် မရှိခဲ့ပါ။ တရားဟောပြောရန် အလုပ်မှ ထွက်သွားကြသောအမျိုးသားများသည် သူတို့လိုအပ်သောအစားအစာများနှင့် အဝတ်အစားများကို မဝယ်ယူနိုင်ကြပါ။ သူတို့သည် မိသားစုများကိုထောက်ပံ့ဖို့ အလုပ်လုပ်ရမည်ဖြစ်သည့်အတွက်ကြောင့် တရားဟောခြင်းလုပ်ငန်းကိုရပ်တန့်ရန် သွေးဆောင်ခံခဲ့ရကြသည်။

လူငယ်သာသနာပြုတစ်ယောက်ဖြစ်သော ဂျွန်လောက်ချ်ဘိုရော့ချ် (Loughborough) သည် အဘယ်သို့ခရီးသွားရကြောင်းနှင့် လေးလကြာ တရားဟောခြင်းအကြောင်း၊ သူ့မိသားစုကို ကျွေးမွေးထောက်ပံ့ရန် ဒေါ်လာ ၁၅ ဒေါ်လာသာ လက်ခံရရှိပြီး ၎င်းသည် မလုံလောက်ကြောင်း ပြောဆိုခဲ့သည်။ တစ်ချိန်က သူသည် ငွေအလုံအလောက်မရှိသောကြောင့် နယူးယောက်၌ ညီလာခံအစည်းအဝေးကျင်းပဖို့ သူ၏ အစီအစဉ်ကိုပင် ဖျက်သိမ်းခဲ့ရသည်။

ဘာလုပ်သင့်သနည်း။ ဘုရားသခင်၏အမှုတော်လုပ်ငန်းကို မည်သို့ထောက်ပံ့သင့်သနည်း။ ယုံကြည်သူများသည် ဘုရားသခင်က သူတို့ကို ကူညီမည်အကြောင်း ဆုတောင်းခဲ့ကြသည်။ ယုံကြည်သူများသည် သမ္မာကျမ်းစာကို အသေအချာလေ့လာခဲ့ပါက သူ၏အဖြေကိုရှာတွေ့လိမ့်မည်ဟု အယ်လင်ဝှိုက်ကို ဖော်ပြခြင်းအားဖြင့် ဘုရားသခင်ကဖြေကြားခဲ့သည်။

ထို့ကြောင့် အစည်းအဝေးကို ဘတ်တာခရီးခ်တွင် ကျင်းပခဲ့ပြီး သမ္မာကျမ်းစာကအဖြေများကို ဆုတောင်း၍ ရှာဖွေခဲ့သည်။ ထို့နောက် ကျမ်းစာလမ်းညွှန်ချက်နှင့် ပတ်သက်သည့်ဆောင်းပါးကို Review and Herald ပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့သည်။ နောက်ဆုံးတွင် ယုံကြည်သူများ၏ ကြီးမားသောစုရုံးခြင်းအတွက် စကားတစ်ခွန်းပြောဖို့ရန် အခွင့်ပေးခဲ့ပြီး၊ သူတို့အားလုံးသည် သမ္မာကျမ်းစာပြောသည့် အရာများကို လုပ်ဆောင်ဖို့ရန် မဲပေးရွေးချယ်ခဲ့ကြသည်။ ပေါလု၏ညွှန်ကြားချက်ကို လိုက်လျှောက်ပြီးနောက် ဘုရားသခင်၏အမှုတော်လုပ်ငန်းကို ထောက်ပံ့ရန် အပတ်တိုင်း တစ်ခုခုပေးကမ်းကြရန် သူတို့ဆုံးဖြတ်ခဲ့ကြလေသည်။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၆း၂။

ဤသည် အံ့ဩဖွယ်ကောင်းသောအစပြုခြင်းဖြစ်သည်။ ထို့အပြင် သူတို့သည် သမ္မာကျမ်းစာကို ဆက်လက်လေ့လာကြသည်နှင့်အမျှ သာသနာပြုများကိုထောက်ပံ့ရန် အသင်းဝင်တစ်ဦးစီသည် သူ၏ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်း (ဆယ်ဖို့တစ်ဖို့) ကို ပေးသင့်ကြောင်း တွေ့ရှိခဲ့ကြသည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်းတွင် အခြားလိုအပ်ရာများအတွက် အပိုဆောင်းအလှူငွေများကို အသုံးပြုမည်ဖြစ်သည်။

အသင်းသူအသင်းသားတိုင်းက ဤအစီအစဉ်ကိုလိုက်နာမည်ဆိုလျှင် ဘုရားသခင်၏ “စတိုးဆိုင်” မှာ အမြဲတမ်း ငွေအလုံအလောက်ရှိနိုင်ပါသည်။ သူ့အကြံအစည်ကို လိုက်နာသူများအတွက် ဘုရားသခင် ဘာကတိပေးခဲ့သနည်း။ မာလခိအနာဂတ္တိကျမ်း ၃း၈-၁၂။

**လက်တွေ့ကျင့်သုံးရန်။** လောကကမ္ဘာပေါ်ရှိငွေကြေးအားလုံးကို အမှန်တကယ် မည်သူပိုင်ဆိုင်သနည်း။ ဟဂ္ဂဲအနာဂတ္တိကျမ်း ၂း၈။ ဆယ်ဖို့တစ်ဖို့အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်က ဘာပြောထားသနည်း။ ဝတ်ပြုရာကျမ်း ၂၇း၃၀။ ကျွန်ုပ်တို့သည် ငွေကို ကျွန်ုပ်တို့အတွက် အမြဲတမ်းအသုံးပြုသင့်ပါသလား။

ကျွန်ုပ်တို့အတွက် ဘုရားသခင်ပေးထားသောအရာများကို စဉ်းစားသောအခါ ကျွန်ုပ်တို့၏ကျေးဇူးတင်မှုကိုပြသရန် အတတ်နိုင်ဆုံး အဘယ်ကြောင့် မပေးကမ်းလိုကြသနည်း။ သူတစ်ပါးကို ကောင်းချီးပေးရန် သူပေးခဲ့သောအရာကို ကျွန်ုပ်တို့ကိုယ်ကျိုးစွန့် အသုံးပြုသည်နှင့်အမျှ ကိုယ်တော်နှင့်ပို၍ တူလာမှာဖြစ်သည်။ ပေးကမ်းရန်မှာ ကျွန်ုပ်တို့အတွက် အလွန်မြတ်သော အခွင့်ထူးတစ်ခုဖြစ်သည်။ တမန်တော်ဝတ္ထု ၂၀:၃၅။



# ဘုရားသခင်၏သတင်း သယ်ဆောင်သူအားဖြင့် အကူအညီရခြင်း

YR C
NO. 45

အလွတ်ကျမ်းချက်။ ။ ဟေရှာယအနာဂတ္တိကျမ်း ၈း၁၉၊ ၂၀
“တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ်သော နတ်ဝင်နှင့် စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အား ဆိုလျှင်မူကား၊ လူတို့သည် မိမိတို့ဘုရားသခင်၌ မဆည်းကပ်အပ်သလော။ အသက်ရှင်သော သူ၏အမှုမှာ အသက်သေသောသူ၌ ဆည်းကပ်အပ်သလော။ တရားတော်ကိုငင်း၊ သက်သေခံတော်မူချက်ကိုငင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့၌ အာရုဏ်မတတ်သေး။”





## တနင်္ဂနွေနေ့ | ဝိညာဉ်ကိုယုံကြည်မှုဝါဒနှင့် စာတန်၏လှည့်ဖျားမှုများ ၁

ဘုရားသခင်သည် မေ့လျော့နေသောအမှန်တရားများကို ပြန်လည်ရှာဖွေရန် မိမိ၏လူတို့အား မည်သို့ဦးဆောင်လမ်းပြပေးသည်ကို ကျွန်ုပ်တို့လေ့လာသင်ယူခဲ့ပြီး ဖြစ်သည်။ အမှန်တရားတိုင်းသည် စာတန်နောက်ဆုံးအချိန်လှည့်စားမှုများအတွက် အကာအကွယ် ဖြစ်ပါသည်။

၁၈၄၀ ခုနှစ်ပြည့် အစောပိုင်းအတွင်းတွင်၊ ဂျော့ချ်စတော့စ် (George Storrs) အမည်ရှိသော မြော်လင့်ခြင်းတရားဟောဆရာတစ်ဦးသည် လူပုဂ္ဂိုလ်တစ်ယောက်သည် သေပြီးနောက် ဘာဖြစ်ပျက်မည့် အကြောင်းနှင့်ပတ်သတ်၍ သူ ဂရုစိုက်စွာသမ္မာကျမ်းစာကို လေ့လာခဲ့သောအရာများကို စတင်ဝေငှခဲ့သည်။ သူက “သေသောသူသည် မည်သည့်အရာကိုမျှမသိတော့ချေ၊” ရှင်ပြန်ထမြောက်ခြင်းတိုင်အောင် သင်္ချိုင်းဂူထဲ၌ အိပ်ပျော်နေမည် ဟု ဖော်ပြခဲ့သည်။ ဒေသနာကျမ်း ၉း၅၊ ၆၊ ရှင်ယောဟန်ခရစ်ဝင် ၅း၂၈၊ ၂၉။

များစွာသော မြော်လင့်ခြင်းအသင်းသားများသည် ဤအရေးကြီးသောအမှန်တရားကို လက်ခံခဲ့ကြသည်၊ ၎င်းသည် စာတန် ပြင်ဆင်နေသည့်ပြင်းထန်သောလှည့်စားမှုမှ သူတို့ကိုကာကွယ်ပေးခဲ့သည်။ သို့သော် အခြားခရစ်ယာန်များစွာတို့သည် အဆင်သင့်မရှိခဲ့ကြပါ။ သူတို့သည် လူအများကဲ့သို့ပင်၊ လူတစ်ဦးသေသောအခါ၊ ဝိညာဉ်သည် အသက်ဆက်လက်ရှင်နေသည်ဟု ယုံကြည်ခဲ့ကြသည်။ ဤအချက်က သေလွန်သူများသည် အသက်ရှင်သူများနှင့်ဆက်သွယ်နိုင်သည်ဟု သူတို့ ယုံကြည်ရန် လွယ်ကူစေပါသည်။



၁၈၄၈ ခုနှစ်၌ စာတန်သည် မိမိ၏လှည့်ဖျားမှုကို စတင်ခဲ့သည်။ အမျိုးသမီးနှစ်ဦးဖြစ်သော မာဂရက်နှင့် ကတ်တီဖော့ဇ် (Margaret & Katie Fox) တို့သည် သူတို့က သေသောလူတစ်ဦး၏ဝိညာဉ်နဲ့ အဆက်အသွယ်လုပ်နိုင်သည်ဟု ပြောဆိုခဲ့ကြသည်။ ဝိညာဉ်သည် အိပ်ခန်းထဲ၌ နံရံပေါ်သို့ခေါက်သည် သို့မဟုတ် ရိုက်ခြင်း အားဖြင့် ဤသို့ပြုခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။ သူတို့သည် ကုဒ်တစ်ခုအားဖြင့် ဝိညာဉ်၏စကားများကို သူတို့နားလည်နိုင်သည်ဟု ဆိုကြသည်။

စိတ်လှုပ်ရှားစရာကောင်းသော ဤအကြောင်းအရာသည် လျင်မြန်စွာပြန့်နှံ့သွားသည်၊ ပထမတွင် လူအတော်များများက ၎င်းကို မယုံကြည်ခဲ့ကြပေ။ အဘယ်သို့ပင်ဖြစ်စေကာမူအချို့တို့သည်စပ်စုပြီး၊ ဖော့ဇ်၏ ညီအစ်မများဆီသို့ အလည်သွားခဲ့ကြသည်။ ထို့နောက် သူတို့သည်လည်း ဝိညာဉ်များနဲ့ အဆက်အသွယ်စတင်လုပ်ဆောင်ခဲ့ကြသည်။ ဤအရာသည် ခေတ်ပေါ်ဝိညာဉ်ဝါဒ၏ အစဖြစ်သည်၊ လူများတို့သည် စာတန်နှင့် သူ့၏မကောင်းဆိုးဝါတမန်များထံမှ အကာအကွယ်ရရှိသောအခါ သေသောသူများထံမှ အကာအကွယ် ရရှိသည်ဟု ပြောဆိုခဲ့ကြသည်။

၎င်းသည် အလွန်အန္တရာယ်ကြီးမားသောကြောင့် ဘုရားသခင်သည် အယ်လင်ဝှိုက်မှ တစ်ဆင့် မိမိလူတို့အား အထူးသတိပေးချက်တစ်ခု ပေးပို့ခဲ့သည်။ သူမသည် “နယူးယောက်နှင့်အခြားနေရာများတွင် လျှို့ဝှက်ဆန်းကြယ်သောခေါက်ခြင်းသည် စာတန်၏စွမ်းအားဖြစ်သည်ကို ကျွန်ုပ်မြင်ခဲ့သည်” ဟု ရေးသားခဲ့သည်။

အစပိုင်းတွင် လူသေများနှင့်စကားပြောဖို့ရန်ပြောဆိုကြသောသူများသည် သမ္မာကျမ်းစာနှင့် ခရစ်ယာန်များကို မုန်းတီးခဲ့ကြသည်။ သို့သော် ဘုရားသခင်က အဲလင်ဝှိုက်အား ဤသည်ပြောင်းလဲလာလိမ့်မည်ဖြစ်ကြောင်းနှင့် ဝိညာဉ်ကိုယုံကြည်မှုဝါဒသည် သမ္မာကျမ်းစာကို ဟန်ဆောင်ယုံကြည်ကြမည်အကြောင်းနှင့်သခင်ယေရှုကို ဟန်ဆောင်လက်ခံကြမည့်အကြောင်းကို ပြသခဲ့သည်။ ဘုရားသခင်က ဝိညာဉ်ကိုယုံကြည်မှုဝါဒသည် နောက်ဆုံးသောနေ့ရက်ကာလများတွင် ကျော်ကြားလာလိမ့်မည် ဟုလည်း သူမအား ပြောခဲ့သည်။ ထိုအရာသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သည်။ ယခုတွင် လူသန်းပေါင်းများစွာတို့သည် ဝိညာဉ်ကို ယုံကြည်မှုဝါဒ၏သွန်သင်ချက်များကို ယုံကြည်ကြလေသည်။

**လက်တွေ့ကျင့်သုံးရန်။** ဝိညာဉ်ကို ယုံကြည်မှုဝါဒသည် အမှန်တကယ်ဖြစ်လာမည့် အကြောင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ သတိပေးချက်သည် ရှိပါသလား။ များစွာသောကာတွန်းများ၊ စာအုပ်များ၊ တီဗီအစီအစဉ်များနှင့် ရုပ်ရှင်များသည် ဝိညာဉ်များကို နေ့စဉ်ဘဝအသက်တာ၏အစိတ်အပိုင်းတစ်ခု ဖြစ်စေသည်။ လူသေများနဲ့ စကားပြောသည်ဟု ပြောသောလူများစကားကို ငါတို့သည် နားထောင်သင့်ပါသလား။ သေခြင်းတရားနှင့် စကားပြောသောလူများ၏ ရုပ်ရှင်ဇာတ်ကားများကို ငါတို့ကြည့်ရှုသင့်ပါသလား။ ဘယ်တော့မှ မကြည့်ရှုသင့်ပါ။ တရားဟောရာကျမ်း ၁၈း၁၀-၁၂၊ ဝတ်ပြုရာကျမ်း ၁၉း ၃၁။

## တနင်္လာနေ့ | ဘုရားသခင်၏ဆုကျေးဇူးကို လျစ်လျူရှုခြင်း ၂

လူများတို့အား သတင်းများကိုပို့သူမှာ စာတန်တစ်ဦးတည်းမဟုတ်ပေ။ ဘုရားသခင်သည်လည်း မိမိလူတို့နှင့် အဆက်အသွယ်လုပ်

© ၂၀၂၃ - My Bible First  www.mybiblefirst.org  sales@mybiblefirst.org

နေသည့်အကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ရူပါရုံများနှင့် အိပ်မက်များအားဖြင့် သူသည် အယ်လင်ဝှိုက်အား စာတန်၏ အန္တရာယ်ရှိသောလှည့်စားမှုများမှ သူတို့ကို ကာကွယ်ရန်နှင့် သူတို့ရှုပ်ထွေးမှုသို့မဟုတ် စိတ်ဓာတ်ကျချိန်တွင် လမ်းညွှန်ပေးရန် ညွှန်ကြားချက်ကို ပေးခဲ့သည်။



ဂျိမ်းစ်ဝှိုက်သည် “သခင်ယေရှုကြွလာတော်မူခြင်းအကြောင်း ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းနှင့် ဥပုသ်သံတော်ဆင့်” (The Advent Review and Sabbath Herald) ဟုခေါ်သော စာစောင်ကို ပုံနှိပ်ထုတ်လုပ်ရန် အစပြုသောအခါ သူသည် မည်သူမဆိုအား မှားယွင်းစေသောမည်သည့်အရာကိုမဆို ပုံနှိပ်ခြင်းကို ရှောင်ကြဥ်ရန်နှင့် ဥပုသ်နေ့နှင့်ကောင်းကင်တမန်သုံးပါး၏ သတင်းစကားများကို ဆက်လက်ဖတ်ရှုကြရန် သူအလွန်ဂရုစိုက်သတိထားခဲ့သည်။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၀:၃၂။



အထူးသဖြင့် ဂျိမ်းစ်ဝှိုက်သည် အယ်လင်ဝှိုက် အကြောင်း ဘာမှမသိသောစာဖတ်သူများအတွက် စိုးရိမ်ခဲ့သည်။ သူမ၏ရူပါရုံများရရှိသည့်အကြောင်းကို သူတို့ဖတ်ရှုခဲ့လျှင် သူတို့သည် မည်သို့ထင်ကြမလဲ။ သူတို့သည် လွယ်ကူစွာနားလည်မှုလွဲခဲ့ကြပြီး၊ စာစောင်ဖတ်ခြင်းကို ရပ်တန့်ခဲ့ကြသည်။ ထို့အပြင် ဂျိမ်းစ်က (မှန်ကန်စွာ) လူတို့အား သွန်သင်ခြင်းဝါဒများအားလုံးကို သမ္မာကျမ်းစာဖြင့် စစ်ဆေးလိုသဖြင့် အယ်လင်ဝှိုက်အား ဘုရားသခင်ပေးသောသတင်းစကားကို စာရွက်ထဲတွင် မထည့်သွင်းခဲ့ပါ။

သို့သော် ၎င်းအားဖြင့် ပြဿနာတစ်ခုရှိခဲ့သည်-ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းသည် မယုံကြည်သူများအတွက်သာ မဟုတ်ပေ၊ ယုံကြည်သူများအတွက်လည်း ဖြစ်သည်။ ထို့နောက် ၎င်းသည် သူတို့အဖို့ ပိုမိုအရေးကြီးလာခဲ့သည်။ ဂျိမ်းစ်ဝှိုက်က ၎င်းသည်ဖြစ်ပျက်လာဖို့ရန် မရည်ရွယ်သော်လည်း၊ ဘုရားသခင်က အယ်လင်ဝှိုက်မှတစ်ဆင့် မိမိ၏လူတို့ကို ပေးအပ်ရန် ကြိုးပမ်းနေသည့်သတင်းစကားများသည် အလိုအပ်ဆုံးသောလူများထံသို့ မရောက်ခြင်းဖြစ်သည်။

ယုံကြည်သူများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဝေးကွာသောနိုင်ငံအနှံ့ ပျံ့နှံ့နေထိုင်နေကြသောကြောင့်၊ သူတို့အတွက် ဘုရားသခင်၏ မိမိလူတို့ကို မိန့်တော်မူသောအရာများကို ရှာဖွေတွေ့ရှိရန် အမှန်တကယ် အခြားမည်သည့်နည်းလမ်းမျှ မရှိခဲ့ပါ။

အယ်လင်ဝှိုက်သည် သူမမှာ ရူပါရုံအနည်းငယ်သာရနေသည်ကို စတင်သတိပြုမိလာခဲ့သည်။ သူမသည် ဘုရားသခင်အတွက် သတင်းပို့သူတစ်ဦးအနေဖြင့် သူမ၏အလုပ်ကဏ္ဍပြီးဆုံးသွားပြီဟု စတင်ယုံကြည်လာခဲ့သည်။ အခြားသူများလည်း အလားတူ သတိထားမိလာခဲ့ကြသည်။ များစွာသောသူတို့သည် ဘုရားသခင့်ညွှန်ကြားချက်ကို ပြန်လည်ရရှိရန် မည်သို့ပြုလုပ်နိုင်သနည်းဟု စတင်မေးမြန်းလာကြသည်။ ထိုသို့အစား၊ သူတို့က ဤမေးခွန်းကို မေးဖွယ်ရှိသည် - အကယ်၍ ထိုသတင်းစကားများကို လျစ်လျူရှုခြင်း (သို့) လက်မခံလျှင် ဘုရားသခင်က ဘာကြောင့် ညွှန်ကြားချက်များကို ဆက်ပို့သင့်သနည်း ဟူသော မေးခွန်းဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် မိမိ၏ အသင်းတော်ကိုကြွယ်ဝချမ်းသာဖို့ ကူညီရန် အဘယ်ဆုကျေးဇူး ပေးသနည်း။ ရာဇဝင်ချုပ်ဒုတိယစောင် ၂၀:၂၀။ ဘုရားသခင်ပေးထားသောအလင်းကို ကျွန်ုပ်တို့တန်ဖိုးမထားပါက မည်သို့ဖြစ်မည်နည်း။ ရှင်ယောဟန်ခရစ် ဝင် ၁၂:၃၅။

## အင်္ဂါနေ့ | အံ့ဩဖွယ်ကောင်းသောစာအုပ် ကိုးအုပ် ၃

၁၈၅၅ ခုနှစ်တွင် မစ်ရှီဂန်၊ ဘတ်တာခရီးခ် (Battle Creek, Michigan) ၌ ရှိသောအသင်းသော်သည် ပုံနှိပ်ထုတ်ဝေရေးလုပ်သားများအားလုံးကို ထိုနေရာသို့ ပြောင်းရွှေ့ဖို့ အမြဲတမ်းပုံနှိပ်ရုံးဖွင့်ဖို့ ဖိတ်ခေါ်ခဲ့သည်။ ဤဖိတ်ကြားခြင်းကို လက်ခံခဲ့ကြသည်။ ပြောင်းရွှေ့ပြီးမကြာမီတွင် ကွန့်ဖရမ် သို့မဟုတ် ညီလာခံတစ်ခု (A Conference) ကို အသင်းတော်၏ လုပ်ငန်းကို စီစဥ်ခြင်း ခေါ်ဆိုခဲ့သည်။

အယ်လန်ဝှိုက်၏ရူပါရုံများကို လျစ်လျူရှုခြင်းသည် သူတို့ကိုင်တွယ်ဖြေရှင်းခဲ့ရသည့် ပထမဆုံးအရာများထဲမှတစ်ခု ဖြစ်သည်။ သူမ၏ ရူပါရုံများမှတဆင့်ရရှိသော ညွှန်ကြားချက်သည် အမြဲတမ်းအားတက်ဖွယ်၊ အထောက်အကူနှင့် အမှန်တရားရှိကြောင်း အဖွဲ့အုပ်စုတစ်ခုလုံးကလက်ခံသဘောတူကြသည်။ အရေးအကြီးဆုံးမှာ ၎င်းသည် သမ္မာကျမ်းစာနှင့် အမြဲတမ်းသဘောတူကိုက်ညီခဲ့သည်။ ၎င်းသည် မည်သည့်လူသားအရင်းအမြစ်မှ မလာနိုင်သည်ကို သူတို့သိခဲ့ကြသည်။ အတိုချုပ်ပြောရလျှင်၊ သူမ၏ဗျာဒိတ်ရူပါရုံများကို ဘုရားသခင်မှုတ်သွင်းသည်ဟု သူတို့ယုံကြည်ခဲ့ကြသည်။



သို့သော် အသင်းတော်သည် မှုတ်သွင်းခံခြင်းဖြစ်သည်ဟု သူတို့အားလုံးယုံကြည်ခဲ့သော ညွှန်ကြားချက်ဖြင့် ဘာမျှမလုပ်ဆောင်နိုးပါးသာဖြစ်သည်။

သူတို့အမှားလုပ်ခဲ့သည်ကို ခေါင်းဆောင်များသည် နားလည်သဘောပေါက်သောအခါ ၎င်းအကြောင်းနှင့်ပတ်သက်၍ သူတို့ ဘာလုပ်ခဲ့သနည်း။ ကျွန်ုပ်တို့သည် အမှားလုပ်မိသောအခါ မည်သည့်အရာကို လုပ်သင့်သနည်း။ ရာဇဝင်ချုပ်ဒုတိယစောင် ၇း၁၄။

ဤညီလာခံတွင် ရလဒ်သုံးခု ရှိခဲ့သည်။ ပထမမှာ၊ အသင်းတော်သည် ဘုရားသခင့်ညွှန်ကြားချက်၏အရေးကြီးမှုကို အသိအမှတ် ပြုပြီး ၎င်းကိုအခြားသူများအား ဝေမျှသင့်ခြင်းဖြစ်သည်။ ဒုတိယမှာ အယ်လင်ဝှိုက်သည် သူမရူပါရုံတွင်ရရှိခဲ့သော လတ်တလော ညွှန်ကြားချက်ပါသည့် လက်ကမ်းစာစောင်ငယ်ကို ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ တတိယမှာ ဘုရားသခင်က အယ်လင်ဝှိုက်အား ရူပါရုံများ ပိုမိုပေးခဲ့ခြင်းဖြစ်သည်။

သို့သော် ထိုအချိန်ကမည်သူမျှမသိခဲ့ကြသော်လည်း ထိုလက်ကမ်းစာစောင်ငယ်သည် အံ့ဩဖွယ်ကောင်းသော စာအုပ်များ၏အစဖြစ်လေသည်။ အယ်လင်ဝှိုက်သည် အသင်းတော်အတွက် ကွဲပြားသောအကြောင်းအရာကိစ္စများနှင့်ပတ်သက်သော သွန်သင်ချက်များကို နှစ်ပေါင်း ၅၀ ကျော်ကြာ ဆက်လက်၍ ရေးသားခဲ့သည်။ ယနေ့ ဤအံ့ဖွယ်ကောင်းသောမှုတ်သွင်းခံ ဆုံးမအကြံပေးစကားကို “အသင်းတော် အတွက် သက်သေခံချက်များ” (Testimonies for the Church) ဟုခေါ်သည့် အတွဲကိုးတွဲပါ စာအုပ်များ ထုတ်ဝေထားသည်။

ဤဘုရားသခင်၏လမ်းညွှန်မှုသည် ယေရှုခရစ်တော်ထံမှ လာခြင်းဖြစ်သည်ဟု အသင်းတော်က အသိအမှတ်ပြုလာခဲ့သည်။ ၎င်းသည် သူ၏ “သက်သေခံချက်” ဖြစ်ပြီး၊ ဘုရားသခင်၏နောက်ဆုံးအသင်းတော်၏အထူးဖော်ပြထားသော အမှတ်အသားတစ်ခု ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၁၂း၁၇၊ ၁၉း၁၀။ ထိုအကြောင်းကြောင့်၊ အယ်လင်ဝှိုက်၏အရေးအသားများကို တစ်ခါတစ်ရံတွင် “ပရောဖက်ပြုချက်ဆိုရာ ဝိညာဥ်တော်စာပေ” (Spirit of Prophecy) ဟု ခေါ်ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** သင့်အိမ်၌ သက်သေခံချက်များ စာအုပ်အတွဲ ရှိပါသလား။ ၎င်းစာအုပ်များကို ဖတ်ရှုရန် နှစ်သက်ပါလိမ့်မည်။ အယ်လင်ဝှိုက်က မိဘမဲ့ယောက်ျားလေးတစ်ယောက်ကိုရေးသောစာနှင့် သင်အစပြုနိုင်ပါသည်။ ၎င်းကို အတွဲ ၂၊ စာမျက်နှာ ၃၀၇-၃၁၄ တွင် တွေ့ရသည်။ ထိုယောကျာ်လေးအား သူမ ပေးသောအကြံဥာဏ်ကို သင် အ ဘယ်သို့ လက်တွေ့အသုံးချနိုင်မည်နည်း။

## ဗုဒ္ဓဟူးနေ့ | ကြိုတင်ဟောထားချက်တစ်ခု ပြည့်စုံခြင်း ၄

ကျွန်ုပ်တို့သည် မှန်ကန်သောပရောဖက်တစ်ပါးကို စစ်ဆေးသည့် အချက်များထဲမှ တစ်ခုဖြစ်သည့် သူ၏ကြိုတင်ဟောကိန်းများသည် တိကျမှန်ကန်စွာပြည့်စုံသည်ဟု လေ့လာသိရှိခဲ့ပြီးဖြစ်ပါသည်။ တရားဟောရာကျမ်း ၁၈း၂၀-၂၂။

အနာဂတ်ကိုဟောကိန်းထုတ်ခြင်းသည် အယ်လင်ဝှိုက်၏ အဓိကအလုပ်မဟုတ်ခဲ့သော်လည်း ယနေ့သင်ခန်းစာ၏အကြောင်းအရာက သူမဟောကိန်းထုတ်ခြင်းတစ်ခုသည် မည်သို့ တိကျမှန်ကန်စွာပြည့်စုံသွားသည်ကို ပြောပြထားပါသည်။

အမေရိကပြည်တွင်းစစ်မတိုင်မီလေးတွင်၊ မြောက်ပိုင်းရှိလူတိုင်းနီးပါးက တောင်ပိုင်းပုန်ကန်မှု၏ အတွေးအခေါ်အကြံအစည်သည် ဆိုးသွမ်းမိုက်မဲသည်ဟု ထင်မြင်ခဲ့ကြသည်။ တောင်ပိုင်းပြည်နယ်များက အမှန်တကယ်တော်လှန်ပုန်ကန်သောအခါ လူအများစုက ရက်သတ္တပတ် အနည်းငယ်အတွင်း အားလုံးသည် ပြီးဆုံးလိမ့်မည်ဟု ထင်ခဲ့ကြသည်။ သို့သော် ဘုရားသခင်သည်ထိုသို့မဟုတ်ပါ။

စစ်ပွဲမစတင်ခင် သုံးလခန့်အလိုတွင်၊ မစ်ရှီဂန်ပြည်နယ်၊ ပါ့ခ်ဗေးလ် (Parkville) ရှိ အသင်းတော်သစ်ကို အပ်နှံရန် ကြီးမားသောအသင်းတော်ဝင်တစ်ခုတို့သည် ၁၈၆၁ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ ဥပုသ်နေ့တွင် စုဝေးခဲ့သည်။ ထိုနေရာမှာရှိနေစဥ်၊ အယ်လင်ဝှိုက်က ရူပါရုံ ရရှိခဲ့သည်။

ရူပါရုံတွင် သူမကို ပြသခဲ့သောအရာကို သူမဝေငှသောအချိန်၌ သူမသည် အထူးလေးနက်ဟန်ရှိခဲ့သည်။ သူမက "ဤတိုင်းပြည်ပေါ်မှာ ကျရောက်မည့်ပြဿနာကို အိပ်မက်မက်ခဲ့ဖူးသူ ဤအိမ်၌တစ်ယောက်မှမရှိပါ။ ကြီးမားသောနှစ်ဘက်စစ်သည်တော်တပ်များ စစ်မြေပြင်မှာ စုရုံးနေကြသည်ကို ငါတွေ့ခဲ့ရသည်။ သေနတ်သံများတိုးများလာသည်ကို ငါကြားခဲ့ရသည်။ လူသေအလောင်းများနှင့် အမြောက်လက်နက်ကြောင့် လဲကျနေသော လူသေများကိုလည်းတွေ့ရသည်" ဟု ပြောဆိုခဲ့သည်။ သူမက အခန်းကို ကြည့်ရင်းဝမ်းနည်းစွာဖြင့်၊ “ဤအိမ်၌ရှိကြသောထိုသူတို့သည် ထိုစစ်ပွဲမှာ သားများကိုဆုံးရှုံးရမည့် သူများရှိသည်” ဟု ပြောဆိုခဲ့သည်။

သူမ၏အခြားဟောကိန်းထုတ်ခြင်းများကဲ့သို့ပင်၊ ဤတစ်ခုသည် မှန်ကန်ခဲ့သည်။ ထိုနေ့ရှိမိသားစုများ၏ အနည်းဆုံး ဆယ်ယောက်သည် ထိုစစ်ပွဲ၌ သူတို့၏သားများကို ဆုံးရှုံးခဲ့ရသည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် တစ်ခါတစ်ရံ မိမိ ၏လူများကို အနာဂတ်၌ဖြစ်ပျက်မည့်အရာများကို ဘာကြောင့် ပြောပြထားသနည်း။ ယေဇကျေလအနာဂတ္တိကျမ်း ၃၃း၃၃၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၂၉။

## ကြာသပတေးနေ့ | အံ့ဩဖွယ်ကောင်းချီးမင်္ဂလာတစ်ခု ၅

ဘုရားသခင်သည် မိမိလူတို့အား အမှန်တရားကို ပို၍ ရှင်းရှင်းလင်းလင်းနားလည်မှုရရှိဖို့ရန် တစ်ကြိမ်တွင်တစ်ဆင့် အဘယ်သို့ လမ်းပြနေသည်ကို ကျွန်ုပ်တို့လေ့လာသိရှိနေပြီဖြစ်သည်။ သို့သော် သူသည် သွန်သင်ချက်ဩဝါဒများကို အမှန်ပြင်ခြင်းထက်ပို၍ရရှိရန် သူတို့ကို အ လိုရှိခဲ့သည်။ ဘုရားသခင်သည် သူတို့အား အခြားမည်သည့်အရာကို ပေးချင်ခဲ့ပါသနည်း။ ရှင်ယောဟန်ဩဝါဒစာ တတိယ စောင် ၂။

ဘုရားသခင်သည် မိမိလူတို့ကို အမြဲတမ်းသနားကြင်နာစွာ ဂရုစိုက်စောင့်ရှောက်နေသည်။ သူသည် သူတို့ကို ပျော်ရွှင်ဝမ်းမြောက်သောသူများ၊ ကျန်းမာသောသူများဖြစ်ရန် အလိုရှိပါသည်။ ဣသရေလလူမျိုးများ အီဂျစ်ပြည်မှ ထွက်ခွာပြီးနောက် ရက်အနည်းငယ်အကြာတွင်၊ ဘုရားသခင်သည် သူတို့အား သူ၏ပညတ်တော်ကို စောင့်ထိန်းရန် သတိပေးခဲ့သည်။ သူတို့သည် နာခံမည်ဆိုလျှင် ဘုရားသခင် မည်သည့်အရာကို လုပ်ဆောင်ဖို့ရန် ကတိတော်ပေးခဲ့သနည်း။ ထွက်မြောက်ရာကျမ်း ၁၅း၂၆။

ဘုရားသခင်သည် အသစ်ဖွဲ့စည်းထားသော မြော်လင့်ခြင်းသတ္တမနေ့ဥပုသ်အသင်းတော်ကိုလည်း အလားတူ သွန်သင်ချက် နှင့် ကတိတော်ကို ပေးခဲ့ပါသည်။ ၎င်းကို အလွန်လိုအပ်ပါသည်။ ထိုအချိန်တုန်းက အခြားသူများကဲ့သို့ မြော်လင့်ခြင်းယုံကြည်သူများသည် မကြာ ခဏဖျားနာခဲ့ကြပြီး၊ များစွာသောသူတို့သည် အသက်အရွယ်ငယ်ငယ်အချိန်၌ပင် သေဆုံးခဲ့ကြသည်။

အကယ်၍ သင်သည် ထိုအချိန်က ရရှိနိုင်သော “ကျန်းမာရေးစာအုပ်များ” ကို ဖတ်လိုပါက ဆရာဝန်အများဆုံးသည် ကျန်းမာရေးနှင့်ပတ်သက်၍ မည်သည့်အရာကိုမျှမသိကြောင်းကို သင်တွေ့ရှိလိမ့်မည်။ သူတို့သည် ရောဂါကုသရန် မာကျူရီနှင့် အာဆင်းနစ်ကဲ့သို့ အဆိပ်များကို အသုံးပြုခဲ့ကြပြီး သူတို့၏အဆုတ်ကိုကျန်းမာစေရန် လူများကိုပင် ဆေးလိပ်သောက်ရန် ပြောဆိုခဲ့ကြသည်။ များစွာသောလူတို့သည် ရောဂါအားဖြင့်သေသည်ထက် “ဆေးဝါး” အားဖြင့် သေသောသူ များနေရသည်မှာ အံ့ဩစရာမဟုတ်ပေ။

ဘုရားသခင်သည် မိမိလူတို့အတွက် များစွာကောင်းသောအရာ တစ်စုံတစ်ခုကို အလိုရှိခဲ့ပြီး သူသည် သူတို့လိုအပ်သည့်အကူအညီကို ပေးပို့ခဲ့သည်။ ၁၈၆၃ ခုနှစ်၊ ဇွန်လတွင် အယ်လင်ဝှိုက်သည် လူများ အဘယ်သို့ ကျန်းမာသောသူများဖြစ်နိုင်မည့်အကြောင်းကို ရူပါရုံရရှိခဲ့သည်။ သူမသည် သူမအား ဘုရားသခင်ပြသခဲ့သည့်အရာကို “ကျန်းမာရေး၊ သို့မဟုတ် မည်သို့အသက်ရှင်ရမည်” (Health, or How to Live) ဟူသော စာစောင်အတွဲများကို ရေးသားခဲ့သည်။

ကျန်းမာရေးကောင်းမွန်ခြင်းသည် အခွင့်အလမ်း (သို့) မှော် ဆေးပြားများ၏ရလဒ် မဟုတ်ပါ။ ကျွန်ုပ်တို့၏ရောဂါအများစုသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်မှားယွင်းသောရွေးချယ်မှုများမှ လာသောကြောင့် ဘုရား သခင်သည် မည်သို့အသက်ရှင်ရမည်နှင့်ပတ်သက်၍ ရိုးရှင်းသောအကြံဥာဏ် ပေးခဲ့ပါသည်။

အယ်လင်ဝှိုက်က လူအများစုသိနားလည်သည့်အစားစားခြင်းအလေ့အထများသည် ပိုမိုကြီးမားသောအကျိုးဆက်များရှိသည်ဟု ရေး သားခဲ့သည်။ ရိုးရှင်းပြီး၊ အာဟာရရှိသော အစားအစာများသည် အကောင်းဆုံးဖြစ်သည်။ လက်ဖက်ရည်နှင့် ကော်ဖီသည် ဆေးရွက်ကြီးကဲ့သို့ အဆိပ်အတောက်ဖြစ်စေပါသည်။ အသားသည် အကောင်းဆုံးအစားအစာနှင့် ဝေးကွာသည်။ သကြားနှင့် မွမ်းမံထားသော အစားအစာများသည် ပို၍ပင် ဆိုးရွားနိုင်သည်။ ညနေနှောင်းပိုင်းတွင် အစာစားခြင်း၊ သရေစာများစားခြင်း သို့မဟုတ် ကောင်းသောအစာကို အလွန်အကျွံစားခြင်းများကြောင့်လည်း ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။